Windows 8 အကြောင်း သိကောင်းစရာ

Microsoft ကနေပြီးတော့ Windows 7 ထက်ပို၍ update ဖြစ်သော Windows 8 developer review version ကို 2011 Customer Electronic show တွင် ပထမဦးဆုံးပွဲထုတ်ခဲ့ပါတယ်။ နောက်ဆုံး version ဖြစ်တဲ့ Windows 8 Consumer Preview ကို microsoft က 29 February 2012 နေ့တွင် မိတ်ဆက်ပြသခဲ့ပါတယ်။Windows 8 ကို metro-style interface ဖြင့် ပုံဖော်ထားပြီး touchscreen, mouse, keyboard, pen input တို့ဖြင့် လွယ်ကူစွာ အသုံးပြု နိုင်မည် ဖြစ်ပါသည်။Windows 8 ဟာ Intel , AMD တို့ရဲ့ microprocessors များတွင် သာမက ARM mobile processor architecture များတွင်ပါ အသုံးပြု နိုင်ပါသည်။ Window server 8 ကို Server version အနေနဲ့ ဖြင့်လည်း ထွက် ရှိခဲ့ပါတယ်။



Windows 8 ၏ Minimum System Requirement

Microsoft ကနေပြီးတော့ Windows 8 ကိုလည်း Windows 7 အတိုင်း minimum requirement ကို တက်နိုင်သမျှ အနည်းဆုံးဖြင့် ပွဲထုတ်ခဲ့ပါတယ်။ Windows 8 ၏ minimum requirement တွေကတော့အောက်ပါအတိုင်း ဖြစ်ပါတယ်။၄င်းတို့ကတော့-

- 1 GHz or faster 32-bit (x86) or 64-bit (x64) processor
- 1 GB RAM (32-bit) or 2 GB RAM (64-bit)
- 16 GB available hard disk space (32-bit) or 20 GB (64-bit)
- DirectX 9 graphics device with WDDM 1.0 or higher driver
- Taking advantage of touch input requires a screen that supports multi-touch တို့ဖြစ်ကြပါတယ်။

Metro User Interface

Windows 8 က အရင်ကထွက်ဖူးတဲ့ Windows operating system များနဲ့ မတူဘဲ Metro interface ဖြင့် ပွဲထုတ်ခဲ့ပါတယ်။Windows ကို logon ဝင်လိုက်သည့် နှင့် တစ်ပြိုင်နက် Metro user interface အနေဖြင့် တွေ့မြင် ရမှာဖြစ်ပါတယ်။

Metro interface ဆိုသည်မှာ- လေးထောင့်ပုံစံအတုံး icons ကလေးများ (Tile based interface) ဖြင့်ဖွဲ့စည်း ထားခြင်းကို ဆိုလိုပါသည်။ Metro interface ကို အသုံးပြုရခြင်း၏ အဓိက ရည်ရွယ်ချက်ကတော့ user များအနေဖြင့် Windows 8 ကို အသုံးပြုရာတွင် ရိုးရိုးရှင်းရှင်းနဲ့ လျှင်လျှင်မြန်မြန် အသုံးပြု နိုင်စေရန် ပင်ဖြစ်ပါသည်။

Windows 8 ၏ Task Manager အကြောင်း

Windows 8 ရဲ့ Task Manager ကိုတော့ အရင်ထွက်ရှိခဲ့တဲ့ windows တွေရဲ့ Task manager နဲ့မတူဘဲ လွယ်ကူ ရိုးရှင်းစွာ ဖြင့် design ဆွဲထားပါတယ်။အောက်ဘက်ရှိ ပုံတွင် Windows 8 ရဲ့ Task Manager ကိုဖော်ပြထားပါ သည်။





Windows 8 ၏ Cloud စနစ်အကြောင်း

Windows 8 မှာ Cloud စနစ်ကို build in အနေနဲ့ ပါဝင်ပါတယ်။ထိုကဲ့သို့ပါဝင်မှုဟာ Microsoft ရဲ့ SkyDrive cloud storage က running Windows 8 run ထားတဲ့ tablets, PCs နဲ့phones တွေကို မြန်မြန်ဆန်ဆန် နဲ့ သင်ရဲ့ personalization, desktop background settings Data တွေ ကို access လုပ်နိုင်အောင် ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။

Windows 8 ၏ power usage အကြောင်း

Windows 8 မှာဆိုရင် Power အသုံးပြုမှု့ ဟာလည်း တခြား windows အဟောင်းများ ထက်လျော့နည်းပြီး data တွေရဲ့ transfer နှုန်းလဲ ပိုမိုမြန်လာပါတယ်။ **Windows TO GO** Windows 8 ကို မိမိ ၏ USB device (such as a flash drive) ပေါ်တွင်လည်း တင်ထားနိုင်ပြီး portable window သဖွယ် လည်း အသုံးပြုနိုင်ပါသည်။

Windows 8 may be 128 bit

Windows 8 က 128 bit processor တွေကို ထောက်ပံ့ပေးနိုင်သော ပထမဦးဆုံး operating System တစ်ခုဖြစ်ပါသည်။Window 8 128bit iso တွေ ကို အောက်ဖော်ပြပါ link မှာ download ယူနိုင်ပါတယ်။

http://www.forumswindows8.com/windows-8-download/

Windows 8 ၏ မြန်မာစနစ်အကြောင်း

မိုက်ခရိုဆော့ဖ်၏ Windows 8 ကွန်ပျူတာစနစ်၌ မြန်မာစနစ် တရားဝင် ပါလာမည်ဖြစ်ကြောင်း ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင် အထည်ဖော်ရေး အဖွဲ့(Myanmar NLP Lab) မှ၂၀၁၁ စက်တင်ဘာလ ၂၀ ရက်နေ့ တွင် သတင်း ထုတ်ပြန်ခဲ့သည်။Windows 8 ၌ပါဝင်လာမည့် မြန်မာစာစနစ်မှာ ယူနီကုဒ်စံကို အတိအကျ လိုက်နာထားသည့် မြန်မာဖောင့်ဖြစ်ပြီး ဖောင့်အမည်မှာ Mya-nmar Text Regular ဖြစ်ကြောင်း သိရှိရပါသည်။



Internet Explorer 10

မိုက်ခရိုဆော့ဖ်၏ Windows 8 ကွန်ပျူတာ စနစ်တွင် ပါဝင်သော IE 10 ဟာ အသစ်အသစ်သော programming language များဖြစ်သော HTML5, CSS3 နှင့် more powerful web application တွေကိုအထောက်အပံ့ပေးနိုင်ပါသည်။

Virtualization

မိုက်ခရိုဆော့ဖ်၏ Windows 8 ကွန်ပျူတာ စနစ်တွင် virtualization အတွက် Hyper-V ကို ထည့်သွင်း ပေး ထား ပါသည်။Hyper-V ကို default အနေနဲ့ဖြင့် တော့ တွေ့ရမည် မဟုတ်ပါ။ထို့ကြောင့် ရှေးဦးစွာ install ပြုလုပ်ပေးရမည် ဖြစ်ပါသည်။Install လုပ်ရန်မှာ-

Control Panel\Programs\Programs and Features\Turn Windows features on or off မှာ hyper-v ကို install လုပ်ရမည်ဖြစ်ပါသည်။

Windows 8 Hyper-v အနိမ့်ဆုံး system လိုအပ်ချက်တွေကတော့

- 64-bit version of Windows 8
- 64-bit processor နှင့်
- 4 GB of RAM တို့ဖြစ်ပါသည်။

အထက်တွင် Microsoft ၏ Window 8 အကြောင်းသိကောင်းစရာကို ဖော်ပြထားပြီး ဖြစ်ပါသည်။ ဆက်လက်၍ ဖော်ပြသွားမည် ဖြစ်ပါသည်။